# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 14/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ရှမ်းပြည်နယ်

မတ်(၁၃)ရက်နှင့်(၁၄)ရက်နေ့မနက်(၆)နာရီကျော်ခန့်က နောင်ချိုမြို့နယ်တွင် စကစတပ်များနှင့်ပြည်သူ့ကာကွယ် ရေးတပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း စကစစစ်ကြောင်းမှူးအပါအဝင် (၄၀)ဦး သေဆုံးခဲ့ပြီး (၁၅)ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ မတ်လ(၁၃)ရက်နေ့ တိုက်ပွဲတွင် စကစစစ်ကြောင်းမှူးအပါအဝင် (၂၅)ဦးကျော် သေဆုံးကာ (၁၅)ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ မတ်လ(၁၄)ရက်နေ့၊ မနက်(၆)နာရီကျော်က ဖြစ်ပွားခဲ့သော ရင်ဆိုင်တိုက်ပွဲတွင် စကစတပ်သားများ အကျအရှုံးများလာသဖြင့် ရဟတ်ယာဉ်(၂)စီး အကူအညီခေါ်ကာရဟတ်ယာဉ်ပေါ်မှ ဗုံးသီးအလုံး(၃၀)ခန့်ကြဲချခြင်း၊စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများပြုလုပ်ခဲ့သော်လည်း ပြည်သူ့ကာကွယ်ရေးတပ်သားများ အထိအခိုက်မရှိ ရင်ဆိုင်တိုက်ခိုက်နိုင်ခဲ့သည်။

### ကရင်ပြည်နယ်

မတ်(၁၄)ရက်နေ့နေ့လယ်(၁၂)နာရီခန့်က မြဝတီမြို့နယ်၊ ကနဲလေးကျေးရွာတွင် KNLA နှင့် DKBA ပူးပေါင်းတပ်ဖွဲ့များမှ စကစတပ်သား(၂)ဦးကို စနိုက်ဘာဖြင့် ပစ်ခတ်ခဲ့ပြီး (၆)ဦး အရှင်ဖမ်းမိခဲ့သည်။

### ကရင်နီ(ကယား)ပြည်နယ်

မတ်(၁၄)ရက်နေ့မနက်(၈)နာရီခန့်က လွိုင်ကော်မြို့နယ်၊ ကယန်းသာယာရွာဘက်မှ ထီတရိကျေးရွာဝန်းကျင်သို့ စစ်ကြောင်းထိုးလာပြီး လက်နက်ကြီးများဖြင့် အဆက်မပြတ်ပစ်ခတ်တိုက်ခိုက်လာသော စကစတပ်ကို လွိုင်ကော် PDF နှင့် KNDF မှ ပြောက်ကျားပစ်ခတ်ရင်း နှစ်ဖက်ထိတွေ့မှုဖြစ်ပွားခဲ့ရာ စကစတပ်သား (၄) ဦးသေဆုံးပြီး ပြည်သူ့ကာကွယ်ရေးတပ်သား တစ်ဦး ကျဆုံးခဲ့ကြောင်းသိရသည်။

### ချင်းပြည်နယ်

မတ်(၁၃)ရက်နေ့က မတူပီမြို့နယ်၊ စခီဟာကျေးရွာအနီးတွင် စကစတပ်နှင့်CDF-Paletwa၊ CDF-Matupi၊ CNAပူးပေါင်းအဖွဲ့တို့ တိုက်ပွဲ(၂)ကြိမ် ဖြစ်ပွားခဲ့ရာ စကစတပ်သား (၇)ဦး သေဆုံးပြီး (၁၀)ဦးကျော် ဒဏ်ရာရရှိကာ CDF-Palewaမှ ရဲဘော်(၁)ကျဆုံးပြီး ရဲဘော်တစ်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

- မတ်(၁၄)ရက်နေ့မနက်(၄:၂၀)နာရီခန့်က မော်လိုက်မြို့နယ်၊ထော်သာကျေးရွာရှိ စကစတပ်သားများ၊ ပျူစောထီးများတပ်ဆွဲနေသည့် နေအိမ်ကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(မော်လိုက်)က သွားရောက်တိုက်ခိုက်ခဲ့ရာ ပျူစောထီး(၃)ဦး သေဆုံးခဲ့ပြီး (၃)ဦးအရှင်ဖမ်းမိကာ လက်နက်(၅)လက်နှင့် ကျည်ဆံများ သိမ်းဆည်းရရှိခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

- မတ်(၁၄)ရက်နေ့က ကသာမြို့အရှေ့ဘက်ကမ်း၊ သုံးဆယ်ပေးကျေးရွာအနီးတွင် စကစသင်္ဘော (၂)စီးကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ကသာ)က ရှေ့တိုက်ဒုန်း(၂)လုံးဖြင့် တိုက်ခိုက်ခဲ့ရာ သင်္ဘောတစ်စီးကို ချက်ကောင်းမိမိထိခတ်ခဲ့သဖြင့် စကစတပ်သား(၃၀)ဦး သေဆုံးခဲ့ကာ (၅)ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။
- မတ်(၁၄)ရက်နေ့နေ့လယ်(၁:၅၀)နာရီခန့်က ရွှေဘိုမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာတွင် တပ်စွဲထားသည့် စကစတပ်သားများကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ရွှေဘို)နှင့်မဟာမိတ်များပူးပေါင်းပြီး Drone ဖြင့် (၂)ကြိမ် သွားရောက်တိုက်ခိုက်ခဲ့ရာ စကစတပ်သားနှင့်ပျူစောထီး (၃)ဦး သေဆုံးခဲ့သည်။
- မတ်(၁၃)ရက်နေ့နေ့လယ်(၃:၃၀)နာရီခန့်က ဝက်လက်မြို့နယ်၊ သရိုင်မင်းကုန်းအထွက်လမ်းတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ထောင်ထားသည့် မိုင်းကိုလာဖြုတ်သော ပျူစောထီးကို ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။
- မတ်(၁၂)ရက်နေ့မနက်(၆)နာရီခန့်က ဘုတလင်မြို့နယ်၊ ကူတော်ရဲစခန်းကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ဘုတလင်)က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲစခန်းအတွင်း လက်နက်(၉)လုံး ထိမှန်ခဲ့ပြီး (၁)လုံးမှာ စကစသတင်းပေး နေအိမ်အတွင်းသို့ ထိမှန်ခဲ့သည်။

<u>**မန္တလေးတိုင်း**</u>

- မတ်(၁၄)ရက်နေ့နေ့လယ်(၁:၃၀)နာရီခန့်က တံတားဦးမြို့နယ်၊ မိုင်တိုင်အမှတ်(၃၃၆)အနီး ရန်ကုန် - မန္တလေး အမြန်လမ်းအတိုင်းမောင်းနှင်လာသည့် စကစယာဉ်တန်းကို KDDFအဖွဲ့ မှ ပဒေသာမိုင်း (၁၀)လုံးဖြင့် မိုင်းခွဲတိုက်ခိုက်ခဲ့ရာ စကစများအသေအဆုံးများခဲ့ပြီး မိုင်းခွဲပြီးနောက်အချက်(၃၀)ခန့် စကစဘက်မှ ပြန်လည်ပစ်ခတ်ခဲ့သော်လည်း ပြည်သူ့ကာကွယ်ရေးတပ်သားများ အထိအခိုက်မရှိ ဆုတ်ခွာနိုင်ခဲ့သည်။
- မတ်(၁၄)ရက်နေ့မနက်(၁၁:၀၅)နာရီခန့်က ချမ်းမြသာစည်မြို့နယ်၊(၆၂)လမ်းနှင့်သိပ္ပံလမ်းထောင့်ရှိ ပြည်သူလူထုကို ဖမ်းဆီးမှုများပြုလုပ်နေသည့် စကစအုပ်စုများကို Black King Scorpion၊ Guerilla Force of Mandalay နှင့် Mandalay Ranger Force - PDF အဖွဲ့တို့ ပူးပေါင်းပြီး ဗုံးထုတိုက်ခိုက်ခဲ့ရာ စကစတပ်သား(၂)ဦး၊ ရဲ(၁)ဦးနှင့်ယာဉ်ထိန်းရဲ(၁)ဦး စုစုပေါင်း (၄)ဦး ဒဏ်ရာရရှိခဲ့သည်။
- မတ်(၁၄)ရက်နေ့မနက်(၁၁:၁၅)နာရီခန့်က ချမ်းမြသာစည်မြို့နယ်၊ (၆၂)လမ်းပေါ်ရှိ သူနာပြုတက္ကသိုလ်တွင် ဂိတ်ပါက်အစောင့်ကျနေသည့် စကစအုပ်စုကို မြို့ပြပျောက်ကြားတစ်ဖွဲ့က ဗုံးထုတိုက်ခိုက်ခဲ့ရာ ဂိတ်ပေါက်စောင့် စကစတပ်သား(၁)ဦး သေဆုံးခဲ့သည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

<u>**ကရင်နီ(ကယား)ပြည်နယ်**</u>

- မတ်(၁၄)ရက်နေ့မနက်(၁:၁၅)နာရီခန့်က ဒီးမော့ဆိုမြို့နယ်တွင် စစ်ဘေးရှောင်ပြည်သူများနေသော ဒေါဲစဲကျေးရွာအတွင်းသို့ စကစဘက်မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများကြောင့် ဆေးပေးခန်းအဆောက်အဦးနှင့်ရွာသားအချို့ ထိခိုက်မှုများရှိခဲ့ကြောင်း သိရသည်။
- မတ်(၁၄)ရက်နေ့မနက်(၁)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့၊ တနီးလာလဲကျေးရွာတွင် စကစဘက်မှ လက်နက်ကြီးများ ပစ်ခတ်မှုများကြောင့် နေအိမ်နှစ်လုံးပျက်စီး သွားခဲ့ပြီး ရွာသားများ စစ်ဘေးရှောင်နေရကြောင်း သိရသည်။

<u>*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*</u>

## စစ်ကိုင်းတိုင်း

- မတ်(၁၄)ရက်နေ့နေ့လယ်(၁)နာရီခန့်က ကလေးမြို့နယ်၊ သာယာကုန်းကျေးရွာမှ ရွာသား (၂)ဦးကို စကစများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။
- မတ်(၁၄)ရက်နေ့မနက်(၆)နာရီခန့်က ချောင်းဦးမြို့နယ်၊ ကံကြီးကုန်းကျေးရွာရှိ ပျူစောထီးများ ရွှေလှေကျေးရွာသို့ သေနတ်ဖောက်ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

## မကွေးတိုင်း

- မတ်(၁၄)ရက်နေ့မနက်ပိုင်းက ရေစကြိုမြို့နယ်၊ ထန်းငယ်တောကျေးရွာအုပ်စု၊ သဲတောကျေးရွာတွင် စကစတပ်သားများနှင့်ပျူစောထီးများ ဝင်မွှေနေပြီး ဒေသခံရွာသူ/သားများ ထွက်ပြေးတိမ်းရှောင်နေကြရသည်။
- မတ်(၁၃)ရက်နေ့ညနေ(၅)နာရီခန့်က ရေစကြိုမြို့နယ်ရှိ ပျူစောထီးများ၏ လုပ်ကြံသတင်းပေးမှုကြောင့် တောင်အိုကျေးရွာနေ အပြစ်မဲ့ပြည်သူများဖြစ်ကြသော မညိုစန်း၊မဆွေဆွေဝင်း၊မနှင်းယုဝေ တို့(၃)ဦးကို စကစတပ်သားများက မတရားဖမ်းဆီးခဲ့သည်။

## ရန်ကုန်တိုင်း

မတ်(၁၄)ရက်နေ့မနက်(၁၁:၅၅)နာရီခန့်က လှိုင်သာယာမြို့နယ်၊ အောင်ဇေယျတံတားအဆင်းတွင် စကစတပ်သားများ ရက်စက်စွာပြုခွင်းခဲ့သော လှိုင်သာယာဖြစ်ရပ်ဆိုး(၁)နှစ်ပြည့် သပိတ်ဗီနိုင်းကပ်ရာ လူငယ်(၃)ဦး ဖမ်းဆီးခံခဲ့ရသည်။